

SAMPLE BOOK

# စိတ်ကိုနေရာချထားခြင်း

မင်းထက်ဟန်



mgyoe.com SAMPLE BOOK



မင်းထက်ဟန်

# စိတ်ကိုနေရာချထားခြင်း

စိတ်ကို...၊ မင်းထက်ဟန်၊ 2500-
2542979032647

mgyoe.com

mgyoe.com SAMPLE BOOK


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ပထမအကြိမ် | - | မေလ၊ ၂၀၂၂ ခုနှစ်။ |
| ထုတ်ဝေသူ | - | ဦးမင်းထက်ဟန် (၀၂၇၇၄) |
| ပုံနှိပ်သူ | - | ပုံရိပ်ရှင် ပုံနှိပ်တိုက် (၀၀၈၃၆) ဦးအောင်ဇော်ထွန်း၊ အမှတ် (၈)၊ အိမ်ကြီးလမ်း၊ ရေကျော်၊ ပုဇွန်တောင်။ |
| မျက်နှာဖုံး | - | ညလင်းသွေး |
| အတွင်းအပြင်အဆင် | - | ပုံရိပ်ရှင် |
| စာအုပ်ချုပ် | - | ဖူးပွင့်မွေး |
| အုပ်ရေ | - | ၂၀၀၀ |
| တန်ဖိုး | - | ၂၅၀၀ ကျပ် |

၈၀၈.၈၄
မင်းထက်ဟန်
စိတ်ကိုနေရာချထားခြင်း၊ မင်းထက်ဟန်၊
- ရန်ကုန်။
လေပ်နီစာပေတိုက်၊ ၂၀၂၂။
စာ-၁၀၃၊ ၁၂.၅ × ၁၈.၅ စင်တီ
(၁) စိတ်ကိုနေရာချထားခြင်း


mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


| | | |
|---|---|---|
| - | အမှာ | ၇ |
| ၁။ | ကျိုးကန်းနှင့် ကြိုးကန်း | ၉ |
| ၂။ | အသားမည်းလည်း အသည်းဖြူ | ၁၆ |
| ၃။ | အတိတ်ကံ အကြောင်းဖန်တော့ | ၂၃ |
| ၄။ | မေးခွန်းကိုယ်စီ မေးသင့်ပြီ | ၂၉ |
| ၅။ | ရွှေဖြစ်သွားသော အမှိုက် | ၃၇ |
| ၆။ | သောက်ရေခွက်လေးကို သနားပါ | ၄၃ |
| ၇။ | လောဘလူဆိုး ရှေ့မတိုးစေနဲ့ | ၅၃ |
| ၈။ | နောင်တ နောင်မှ မရစေချင်ပါ | ၅၈ |
| ၉။ | ယုံကြည်လှမ်းကိုင် မြတ်ပန်းတိုင် | ၆၄ |
| ၁၀။ | စိတ်ပြင်ဆင်မှ ဘဝလှမည် | ၇၄ |
| ၁၁။ | ဘယ်ကို သွားမလဲ ခရီးသည် | ၈၂ |
| ၁၂။ | နတ်လူ သာစုခေါ်အောင်နေ | ၉၁ |
| ၁၃။ | ချစ်ခြင်းငယ်ပြိုင် နှစ်ခြင်းရယ် မဆိုင်နှင့် | ၉၈ |


mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# အမှာ

ဒီစာအုပ်လေးက ၂၀၁၂ ခုနှစ်က ပထမအကြိမ် ထွက်ရှိခဲ့တဲ့ ကျွန်တော့်ရဲ့ ပထမဆုံး စာအုပ်လေးပါ။ မဂ္ဂဇင်းတချို့မှာ ရေးခဲ့တဲ့ အတွေးဆောင်းပါးလေးတွေ စုစည်းပြီး ထုတ်ဝေခဲ့တာပါ။ အခုဆို ၉-နှစ် ကျော် သက်တမ်း ရှိခဲ့ပါပြီ။

ပြန်မထုတ်တော့ဘူးလို့ တွေးခဲ့ပေမယ့် ရင်းစွဲသူ တချို့က ပြန်ထုတ်ဖို့ အကြိမ်ကြိမ် တိုက်တွန်းကြလို့ အခုတော့ မရဲတရဲ ပြန်လည် ထုတ်ဝေလိုက်ရပါတယ်။ လွန်ခဲ့တဲ့ ၉-နှစ်ကျော်၊ မိမိအသက် ၂၀ ပတ်ဝန်းကျင်လောက်က နုနယ်တဲ့ အတွေးအကြံ၊ တိမ်ပေါ်တဲ့ အတွေး၊ ပါးလျတဲ့ လေ့ကျက်မှုတွေကြောင့် မရဲတရဲ ဖြစ်ရတာပါ။

'မေတ္တာဖြင့် ရှင်သန်ခြင်း အနုပညာ' မှာ ပြောခဲ့သလိုပဲ စာစု လေးတွေက ကိုယ့်ကိုယ်ကိုယ် အသိပေး ပြန်ဆုံးမဖို့ ရေးခဲ့တဲ့



mgyoe.com

mgyoe.com
SAMPLE BOOK


စာစုလေးတွေ ဆိုတော့လည်း သိပ်တော့ စိုးရိမ်စရာ မရှိလှဘူး ထင်ပါရဲ့။

စာဖတ်သူတွေအတွက်လည်း ဖတ်မိသခိုက်မှာ တဒင်္ဂ တခဏမျှ စိတ်အေးချမ်း ကြည်လင်ကြရတယ် ဆိုရင် ပိုပြီး ကြည်နူးရမှာပါ။

အဖက်ဖက်က ကျပ်တည်းခက်ခဲ၊ နွမ်းနယ်ပင်ပန်းနေကြတဲ့ အချိန်မှာ ဒီစာအုပ်လေးကို ငွေရော၊ အချိန်ရော ပေးပြီး ဖတ်ရှုပေးကြတဲ့အတွက် နှစ်နှစ်ကာကာ မှတ်မှတ်ရရ ကျေးဇူးတင်ပါတယ်။

မင်းထက်ဟန်

❒


mgyoe.com

mgyoe.com SAMPLE BOOK

# ကျိုးကန်းနှင့် ကြိုးကန်း

၁-၅-၂၀၀၉ ရက်နေ့ထုတ် အလင်းတန်းဂျာနယ်မှာ ဟန်(စိတ်ပညာ) ရဲ့ ရွှေကျိုးလေးတွေ ဖြစ်ပါစေ ဆိုတဲ့ စာစုလေး ဖတ်လိုက်ရပါတယ်။ အဲဒီစာစုထဲက သာဓကကို စာဖတ်သူတွေကို ပြန်လည်မျှဝေချင်ပါတယ်။ မဖတ်ရသေးတဲ့သူတွေလည်း မှတ်သားရအောင်၊ ဖတ်ဖူးပြီးသားသူတွေလည်း ပိုပြီး အမှတ်ရ နှလုံးသွင်း ဆင်ခြင်နိုင်အောင်ပါ။ အထူးသဖြင့် ညီငယ်၊ ညီမငယ်လေးတွေ အတွက်ပါ။ သာဓကလေးက ဒီလိုပါ။

တခါတုန်းက ဆောင်းနံနက်ခင်းတခုမှာ အသက် လေးဆယ်အရွယ် ဖခင်နဲ့အတူ အသက်ငါးနှစ်ခန့်သာ ရှိသေးတဲ့ သားဖြစ်သူတို့နှစ်ဦး အအေးဒဏ်ကို ကာကွယ်နိုင်ဖို့ အိမ်ရှေ့မှာ မီးလှုံနေပါတယ်။



mgyoe.com

mgyoe.com
SAMPLE BOOK


သားအဖနှစ်ယောက် မီးလှုံနေတဲ့ နေရာကနေ ခပ်လှမ်းလှမ်း သစ်ပင်တပင်မှာ ကျီးကန်း ၁၅ ကောင်လောက်ဟာ အစာ စားနေကြပါတယ်။ ဒါကို သားငယ်က မြင်သွားပြီး –

"ဖေဖေ ဟိုသစ်ပင်ပေါ်က မည်းမည်း အကောင်တွေက ဘာကောင်လဲ"

လို့ ဖခင်ကို မေးပါတယ်။ ဖခင်က –

"ကျီးကန်းလို့ ခေါ်တယ်သား"

လို့ ဖြေပေးပါတယ်။

သိပ်မကြာခင်မှာ သားငယ်က ဖခင်ကို ထပ်မေးပြန်ပါတယ်။ ဖခင်ကလည်း ထပ်ဖြေပေးပါတယ်။ သားငယ်က ခဏခဏ ထပ်မေးပါတယ်။ ဖခင်ကလည်း မငြိုငြင်ဘဲ မေးတိုင်း ဖြေပါတယ်။

သားငယ် ကျီးကန်း ဆိုတဲ့ ဝေါဟာရကို သိသွားတဲ့အခါမှာ ဖခင်က အိမ်ခါးပန်းမှာ မြေဖြူနဲ့ ကျီးကန်းဆိုတဲ့ ဝေါဟာရကို သားလေး သိသောနေ့ လို့ ရေးထားလိုက်ပါတယ်။

ဒီလိုနဲ့ အဲဒီအဖြစ်ဟာ ရာသီတွေ ပြောင်းလို့ နှစ်တွေ ညောင်းကာ ၁၅ နှစ် ကျော်လာခဲ့ပါတယ်။ ဆောင်းတွင်းရောက်တော့ သားအဖနှစ်ယောက် အတူမီးလှုံနေကြပြန်ပါတယ်။

ဒီတခါတော့ ဖခင်ဖြစ်သူက –

"သား ဟိုမည်းမည်းအကောင်တွေက ဘာကောင်တွေလဲ"

လို့ သားကို မေးလိုက်ပါတယ်။

သားက "ကျီးကန်း" လို့ ပြန်ဖြေပါတယ်။

နောက်ထပ် ၅ မိနစ်လောက်ကြာတော့ ဖခင်က ထပ်မေးပြန်ပါတယ်။ ဒီတော့ သားက 'ကျီးကန်း' လို့ လေသံခပ်မာမာနဲ့ ပြန်ဖြေ


mgyoe.com

mgyoe.com SAMPLE BOOK


ပါတယ်။ နောက်တခါ ဖခင်က ထပ်မေးပြန်ပါတယ်။ ဒီတခါမှာတော့ ဖခင်ကို သားက ဆောင့်တွန်းလိုက်ပြီး –

"ကျိုးကန်းပေါ့ဗျာ မသိဘူးလား"

လို့ ဒေါသတကြီး ပြန်ဖြေပါတော့တယ်။

ဖခင်ဖြစ်သူက သားလက်ကို ဆွဲပြီး လွန်ခဲ့တဲ့ ၁၅ နှစ်က ရေးထားတဲ့ ခါးပန်းပေါ်က စာတန်းလေးကို လက်ညှိုးထိုးပြပြီးတော့–

"အဲဒီစာကို ဖတ်ကြည့်"

လို့ ပြောလိုက်ပါတယ်။ သားက ဖခင်ကို –

"အဲဒါ ဘာဖြစ်သလဲ"

လို့ ဘောက်ကျကျ မေးတော့ ဖခင်က –

"အဲဒါ ဘာဖြစ်သလဲ ဆိုရင် မင်း ငယ်စဉ်က ကျိုးကန်း ဆိုတာ မသိလို့ ခဏခဏ မေးတိုင်း ငါ စိတ်ရှည်ရှည်နဲ့ ခဏခဏ ဖြေပေးခဲ့ရတယ်။ အခုကျတော့ မင်းက ဖခင်ကို စိတ်မရှည်တဲ့အပြင် ရိုင်းရိုင်းပျပျ ဆက်ဆံတယ်၊ မင်းတို့လို သားသမီးတွေဟာ မိဘကျေးဇူးကို ဆပ်ဖို့ မပြောနဲ့ မိဘကျေးဇူးကို ကြီးလေကန်းလေ ကြီးကန်းတွေ ဖြစ်နေတယ်"

လို့ ပြောလိုက်ပါတယ်တဲ့။

သာဓကလေးက ဒီမျှသာပါ။ ကြုံကြိုက်လွန်းလို့ ခဏခဏ ပြန်ဖတ်ဖြစ်ပါတယ်။ ကိုယ်နဲ့ နီးစပ်တဲ့ ညီငယ်၊ ညီမငယ်လေးတွေကိုလည်း ကြီးကန်းတွေ မဖြစ်ရအောင် ဒီသာဓကလေး ပြောပြပြီး ဆုံးမဖြစ်ပါတယ်။

* * *

*လောကလူ့ရွာ၊ ဤကမ္ဘာ၌*
*ကိုယ်ကရှေးဦး၊ ကျေးဇူးပြုတတ်*


mgyoe.com

mgyoe.com
SAMPLE BOOK


*ပုဂ္ဂိုလ်မြတ်၊ မချွတ်ရခဲသည်။*
*ကိုယ့်ပေါ်ပြုဖူး၊ သူ့ကျေးဇူးကို၊*
*အထူးသိကာ၊ တုံ့ပြန်စွာဖြင့်၊*
*ချိန်ခါပေးလတ်၊ ပြန်၍ဆပ်*
*သူမြတ်ကိုလည်း ရခဲသည်။*

မိဘ ဆိုတာ ကိုယ့်အပေါ်ကို ရှေးဦး ကျေးဇူးပြုခဲ့ဖူးတဲ့သူ ဖြစ်ပါတယ်။ အနန္တ ကျေးဇူးရှင်တွေပါ။ ကျေးဇူးရှင်ကို ကျေးမစွပ်ရပါဘူး။ မစော်ကားရပါဘူး။

'ငါ့အပေါ်မှာ ကျေးဇူးရှိပါလား။ အနန္တကျေးဇူးရှင်ပါလား' ရယ်လို့ အမြဲတမ်း အမှတ်ရ သိနေရမှာ ဖြစ်ပါတယ်။ သိတဲ့အားလျော်စွာ အချိန်အခါပေးလို့ အခါအခွင့်သင့်ရင် ပေးဆပ်ရမှာပါ။ ဒါမှသာ ရခဲတဲ့ ပုဂ္ဂိုလ်မြတ်စာရင်းထဲမှာ ကိုယ်ပါဝင်တဲ့အတွက် လူကောင်းလူမွန် ဖြစ်ပါတယ်။ အခွင့်အခါမသင့်လို့ မဆပ်နိုင်သေးရင်တောင်မှ ကျေးဇူး မကန်းသင့်ပါဘူး။ ကြီးကန်းတွေတော့ မဖြစ်ပါစေနဲ့။

အကန်းဆိုတာ လမ်းမှန်၊ လမ်းမှား၊ လမ်းဆိုး ဆိုတာကို ခွဲခြား မသိနိုင်ပါဘူး။ ကိုယ့်ရှေ့မှာ ချောက်ကမ်းပါး ရှိမှန်းလည်း မသိနိုင်တာ ကြောင့် လျှောက်ရင်းနဲ့ အသူတရာနက်တဲ့ ချောက်ကမ်းပါးထဲ ပြုတ်ကျ သွားတတ်ပါတယ်။

လောကမှာ မပြစ်မှားသင့် မပြစ်မှားထိုက်တဲ့ ပုဂ္ဂိုလ် ၁၀ ဦး ရှိပါတယ်။ ခင်ပွန်းကြီး ၁၀ ပါးလို့လည်း ခေါ်ပါတယ်။

(၁) ဘုရား
(၂) ပစ္စေကဗုဒ္ဓါ


mgyoe.com

mgyoe.com
SAMPLE BOOK


(၃) ရဟန္တာ
(၄) အဂ္ဂသာဝက နှစ်ပါး
(၅) မိခင်
(၆) ဖခင်
(၇) ဂုဏ်ကြီး၍ အလေးအမြတ် ပြုအပ်တဲ့ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် အရိယာပုဂ္ဂိုလ်များ
(၈) ဆရာ
(၉) တရားဟော တရားပြတဲ့ပုဂ္ဂိုလ်
(၁၀) ပေးကမ်းချီးမြှောက် ထောက်ပံ့သူတို့ပဲ ဖြစ်ပါတယ်။

လင်္ကာနဲ့မှတ်ရင် လွယ်ပါတယ်။

*ဘုရားပစ္စေကာ၊ ရဟန္တာ*
*ဝဲယာ မိနှင့်ဖ။*
*ဂုဏ်ကြီးဆရာ၊ ပေးကမ်းပါ၊*
*ဟောကာ တရားပြ။*
*ခင်ပွန်းကြီးသရုပ်၊ အကျဉ်းချုပ်*
*သိမ်းထုပ်မှတ်ကုန်ကြ။*

အဲဒီ မပြစ်မှားအပ်၊ မပြစ်မှားသင့်၊ မပြစ်မှားထိုက်တဲ့ ခင်ပွန်းကြီး ၁၀ ပါးကို ပြစ်မှားစော်ကားမိရင် ဒဏ်ကြီး ၁၀ ပါး ထိုက်တန်ပါတယ်။

(၁) ခေါင်းကိုက်ဝေဒနာ ပြင်းစွာ ခံစားရခြင်း၊
(၂) ပစ္စည်းဥစ္စာ ဆုံးရှုံးရခြင်း၊


mgyoe.com

mgyoe.com
SAMPLE BOOK


(၃) ခြေလက်ပြတ်ခြင်း၊
(၄) မျက်စိကန်း၊ ခြေသေ၊ လက်သေ၊ ဆွံ့အ၊ နူဝဲ စတဲ့ သည်းထန် ဆိုးဝါးတဲ့ အနာရောဂါများ ဖြစ်ရခြင်း၊
(၅) ရူးသွပ်ခြင်း၊
(၆) မင်းဘေး ဆိုတဲ့ ရာထူးဂုဏ်များ လျှောကျပျက်စီးခြင်း၊
(၇) သူတပါးတို့က ပြင်းထန်စွာ စွပ်စွဲမှုကို ခံရခြင်း၊
(၈) မိုခိုအားထားရတဲ့ ဆွေမျိုးများ ပျက်စီးခြင်း၊
(၉) ဥစ္စာပစ္စည်းတို့ ပုပ်ဆွေးယိုယွင်းပြီး တန်ဖိုးမဲ့ ဖြစ်သွားတတ်ခြင်း၊
(၁၀) အိုးအိမ်တိုက်တာ စတဲ့ အဆောက်အအုံတို့ကို မီးလောင်ခံရခြင်းတို့ ဖြစ်ပါတယ်။

မှတ်ရလွယ်ကူအောင် လင်္ကာလေးနဲ့ မှတ်ထားလိုက်ပါဦး။

*အားနည်း၊ ကိုယ်ပျက်၊*
*ဆွေမျိုးပျက်၊ ခံခက်ဝေဒနာ။*
*ဆုတ်ယုတ်စီးပွား၊ မီးလောင်ပြား၊ ခံစားရူးသွပ်နာ။*
*မင်းဘေး၊ စွပ်စွဲ၊ သေငရဲ၊ ဝေခွဲဒဏ်ဆယ်ဖြာ။*

ခင်ပွန်းကြီး ၁၀ ပါးကို ပြစ်မှားမိတဲ့သူဟာ အထက်က ဒဏ် ၁၀ ပါးကို ခံစားရမှာဖြစ်ပြီး သေလွန်တဲ့နောက်မှာ ငရဲကို မုချရောက်ရမှာ ဖြစ်ပါတယ်။

ဒါပေမဲ့ အမှားကို အမှားမှန်း သိရင် အချိန်မနှောင်းသေးခင် ပြင်လို့ရပါတယ်။ ကိုယ်က မသိခဲ့လို့ ပြစ်မှားမိခဲ့ပေမယ့် အသိတရား


mgyoe.com

mgyoe.com
SAMPLE BOOK


လေး ဝင်လာတဲ့အချိန်မှာ အပြစ်ကို ဝန်ချတောင်းပန် ကန်တော့လိုက်မယ် ဆိုရင် အပြစ်တွေ ကျေပျောက်သွားပြီး ကောင်းကျိုး ၁၀ ပါးကိုပါ ခံစားရရှိနိုင်ပါတယ်။

ကောင်းကျိုးဆယ်ပါးကိုတော့ တခုချင်း ရေတွက်မပြတော့ပါဘူး။ လွယ်ကူရှင်းလင်းတာကြောင့် တခါတည်းပဲ လင်္ကာလေးနဲ့ မှတ်ကြတာပေါ့။

*ယဉ်ကျေးဂုဏ်တက်၊*
*ဘုန်းကံတက်၊*
*တချက်သူကောင်းမည်။*
*ထက်တန်းကျကာ၊ ရှိသညာ၊*
*သူငါ စိတ်ဓာတ်ကြည်။*
*ယခုနောင်ပေ၊ တာဝန်ကျေ၊*
*ရောက်လေနတ်တို့ပြည်။*
*ဆယ်ပါးဂုဏ်အင်၊*
*ကြောင်းကျိုးမြင်၊*
*လူရှင်ကန်တော့မည်။*

ကြီးကန်းလိုလူ မဖြစ်အောင် နေရမယ်။ ကြီးလို့ ကန်းရင်တော့ ဒဏ်ကြီး ၁၀ ပါးနဲ့ တွေ့မှာပါ။

ဒါကြောင့် ကျေးဇူးသိ၊ ကျေးဇူးဆပ်တဲ့ ပုဂ္ဂိုလ်မြတ်တွေ ဖြစ်အောင် ကြိုးစားကြပါစို့လား။

❒


mgyoe.com

mgyoe.com SAMPLE BOOK

## အသားမည်းလည်း အသည်းဖြူ

တခါတုန်းက ဘုရားလောင်းဟာ ဘဝတခုမှာ မောင်မည်း ဆိုတဲ့ နာမည်နဲ့ ကျင်လည်ခဲ့ရဖူးပါတယ်။

မောင်မည်းလေး အရွယ်ရောက်တော့ မိဘများက ယောက်ျား တို့ တတ်အပ်တဲ့ အဌာရသ ၁၈ ရပ်ကို သင်ကြားစေဖို့ တက္ကသိုလ်ကို စေလွှတ်လိုက်ပါတယ်။ 'ပညာလည်းစုံ၊ ကြင်ရာလည်းစုံ' ဆိုသလို မောင်မည်း ပညာစုံလို့ တက္ကသိုလ်က ပြန်တဲ့အခါမှာ မိဘများက ဂုဏ်ရည်တူ အမျိုးသမီးတယောက်နှင့် အိမ်ထောင်ပြုပေးလိုက်ပါ တယ်။ မကြာခင်မှာ မောင်မည်းရဲ့ မိဘတွေလည်း ကွယ်လွန်သွား ပါတယ်။

မိဘများ ကွယ်လွန်သွားပြီ ဖြစ်တော့ အမွေဆက်ခံမယ့် သားလေး မောင်မည်းကို ဘဏ္ဍာထိန်းက ပစ္စည်းဥစ္စာစာရင်းကို ယူပြီး



mgyoe.com

mgyoe.com SAMPLE BOOK


'ဒီဥစ္စာကတော့ အမောင့် အမေဘက်က မိဘဆွေမျိုးတွေက ရှာဖွေစုဆောင်းထားခဲ့တာ၊ ဒီပစ္စည်းကတော့ အမောင့်အဖေဘက်က မိဘဆွေမျိုးတွေက ရှာဖွေစုဆောင်းထားခဲ့တာ' စသည်ဖြင့် ပစ္စည်းဥစ္စာဖတ်ရှုစစ်ဆေးပြပါတယ်။

အမွေတွေ အများကြီး ရလိုက်ပေမယ့် မောင်မည်း ပျော်မသွားပါဘူး။ မပျော်နိုင်ပါဘူး။ ပစ္စည်းဥစ္စာတွေကို သူများတွေ လုယက်ခိုးယူမှာကို ကြောက်လို့ မဟုတ်ပါဘူး။ ဒီပစ္စည်းဥစ္စာတွေကို ရှာဖွေစုဆောင်းခဲ့သူတွေဟာ သူတို့ရဲ့တမလွန်ခရီးအတွက် ဘာမှ ယူမသွားနိုင်ကြဘူး။ အားလုံးကို စွန့်လွှတ်ထားခဲ့ကြရတယ်။ နောက်ဆုံးတော့ ရှာဖွေစုဆောင်းသူများရဲ့အမည်သာ ကျန်ရစ်တော့တယ် ဆိုတာကို နားလည်သဘောပေါက်သွားလို့ပါ။

အနှစ်မရှိ အကာမျှသာ ဖြစ်တဲ့ ပစ္စည်းဥစ္စာရဲ့တကယ့်အနှစ်ကို ထုတ်ယူမည် ဆိုလျှင် အလှူပေး၊ အနှစ်မရှိ၊ နှစ်သက်ဖွယ်မရှိ၊ ခန္ဓာကိုယ်ကို အနှစ်ထုတ်လိုလျှင် သီလဆောက်တည်၊ မမြဲတဲ့သဘောရှိတဲ့ အသက်ကို အနှစ်ထုတ်ယူလိုက အနိစ္စ အစရှိသဖြင့် ဝိပဿနာတရား ကျင့်ကြံပွားမယ် ဆိုတာကို နားလည်သဘောပေါက်တဲ့ မောင်မည်း၊ ပစ္စည်းဥစ္စာတွေကို အလှူပေး စွန့်လွှတ်ပြီး ဟိမဝန္တာတောင်သို့ ဝင်ကာ သူနဲ့ သင့်တော်လျောက်ပတ်မယ့်နေရာ ဣန္ဒဝါရုဏီသစ်ပင်ကို ဆွမ်းခံရွာအဖြစ် အမှီဌာန်ကာ ရသေ့ပြုနေပါတယ်။

ရသေ့မောင်မည်းဟာ ဣန္ဒဝါရုဏီ သစ်ပင်အောက်မှာသာအိပ်၊ အသီးအပွင့်အရွက်တို့ကိုသာ စားသုံးပြီး ဓုတင်ဆောက်တည် ကျင့်ကြံနေပါတယ်။ အလွန်လည်း အလိုနည်းပါတယ်။ ဣန္ဒဝါရုဏီသစ်ပင်ရဲ့ အသီးအပွင့် အရွက်အခေါက်တွေကို ခူးဆွတ်စားသောက်ရာမှာလည်း


mgyoe.com

mgyoe.com
SAMPLE BOOK


စိတ်ကြိုက်ရွေးမနေဘဲ လက်လှမ်းမီရာကိုသာ စားသောက်လေ့ ရှိပါတယ်။

တနေ့မှာ ရသေ့မောင်မည်းရဲ့ သီလတန်ခိုးကြောင့် သိကြားမင်းကြီးရဲ့ ပဏ္ဍုကမ္ဗလာကျောက်ဖြာ ပူသွားပါတယ်။ ဒီတော့ သိကြားမင်းကြီးက လူ့ပြည်မှာ ဘာများ ထူးခြားသလဲလို့ ကြည့်လိုက်တော့ ရသေ့မောင်မည်းကို တွေ့လိုက်ရပါတယ်။ ဣန္ဒြေသိက္ခာနဲ့ ပြည့်စုံတဲ့ ရသေ့မောင်မည်းကို သိကြားမင်းကြီး တွေ့မြင်လိုက်တာနဲ့ ကြည်ညိုပြီး တရားနာချင်စိတ်၊ ရသေ့မောင်မည်းအနေနဲ့ သစ်သီးကို မတောင့်တဘဲ ရစေချင်တဲ့အတွက် လူ့ပြည်ကို ဆင်းပြီး ရသေ့မောင်မည်း စိတ်နေသဘောထားကို သိချင်လို့ စကားဆိုလိုက်ပါတယ်။

"ဒီရသေ့မည်းဟာ မည်းတဲ့နေရာမှာ အိပ်ပြီး မည်းတဲ့ သစ်ပင်တွေကိုပဲ စားသောက်နေတာ မုန်းဖို့ ကောင်းလိုက်ပါဘိ"

"အို... သိကြားမင်း အသားမည်းရုံနဲ့ လူမည်းလို့ မခေါ်ရဘူး။ အသားမည်းသော်လည်း စိတ်ထားဖြူစင်ပြီး သီလသမာဓိ စတဲ့ အနှစ်နဲ့ ပြည့်စုံနေသူဟာ လူဖြူလို့ ခေါ်တယ်။ အသားဖြူသော်လည်း စိတ်ထားယုတ်ညံ့ပြီး မကောင်းမှုကံကို ကျူးလွန်နေတဲ့သူဟာ လူမည်းလို့ ခေါ်ထိုက်ပါတယ်"

လို့ ဆိုပြီး သတ္တဝါတွေကို အမည်းဖြစ်အောင် ပြုလုပ်တတ်တဲ့ ကံတွေကို ဟောပြလိုက်ပါတယ်။ သီလသမာဓိတို့ရဲ့ ဂုဏ်ကျေးဇူးတွေကို ဟောပါတယ်။

သိကြားမင်းလည်း ရသေ့မောင်မည်း တရားစကားကို နာကြားရတဲ့အခါ ကြည်ညိုလို့ သူ့ရည်ရွယ်ချက်တိုင်း ဆုပေးလိုက်ပါတယ်။

* * *


mgyoe.com

mgyoe.com SAMPLE BOOK


ဘုရားဟောင်းရသေ့ ပြောလိုက်တဲ့စကားက သိပ်မှန်တာပါ။ အသား ဘယ်လိုပင် ဖြူဖြူ ရုပ်ဘယ်လိုပဲ ချောချော၊ အပြော ဘယ်လိုပင်ကောင်းကောင်း၊ ဟန်ဘယ်လိုပင် ကောင်းကောင်း လူဖြူလို့ ခေါ်လို့ မရပါဘူး။ အသားမည်း၊ ရုပ်မချော၊ အပြောမကောင်း၊ ဟန်မလုပ်တတ်သော်လည်း စိတ်ထားဖြူစင် ဖြောင့်မတ်ရင် လူဖြူလို့ ခေါ်ရမှာပါ။

လူတယောက်ကို ပေါင်းသင်းဆက်ဆံတဲ့ နေရာမှာ သူ့ရဲ့ စိတ်သဘောကို သိချင်ရင် ရုပ်ရည်သဏ္ဍာန်ကို ကြည့်ပြီး ဒီလူ ဘယ်လိုလူစားလဲ ဆိုတာ ဆုံးဖြတ်လို့ မမှန်ကန်နိုင်ပါဘူး။ သူ့အတွင်းသန္တာန်ကို သေသေချာချာ လေ့လာပြီး ဆုံးဖြတ်မှသာ ဒီလူ ဘယ်လိုလူစားလဲ ဆိုတာ ဆုံးဖြတ်လို့ မှန်ကန်နိုင်မှာပါ။ သန္တာန်ကို လေ့လာမကြည့်ဘဲ သဏ္ဍာန်ကိုသာ ကြည့်ပြီး သူတယောက်ရဲ့ စိတ်သဘောထားကို ဆုံးဖြတ်လိုက်ရင်တော့ လုံးဝ မှားသွားပါလိမ့်မယ်။

လူ့ဓလေ့၊ လူ့သဘာဝ၊ လူတွေကို ယေဘုယျအားဖြင့် ခွဲခြားကြည့်လိုက်မယ် ဆိုရင် လူတန်းစားလေးမျိုးကို တွေ့ရှိနိုင်ပါတယ်။ ဒီနေရာမှာ ပစ္စည်းဥစ္စာ ပကာသနတွေ မပါပါ။

ပထမလူ = ရုပ်ကလည်း ချော၊ အပြောကလည်း ကောင်း (အကောင်းပြော)၊ အနေအထိုင်လေးကလည်း ကြည်ညိုလေးစားစရာ ဖြစ်ပါတယ်။ စိတ်ထားလေးက ဖြူစင်ရိုးသား ဖြောင့်မတ်တယ်။ (မိမိ အတ္တကို ရှေ့တန်းမတင်ဘဲ ပရကိုသာ ဦးစားပေးတတ်သူ၊ အကျိုးလိုလားသူ)။

ဒုတိယလူ = ရုပ်ကလည်း မချော၊ အပြောကလည်း မကောင်းပါဘူး။ အကောင်းတော့ ပြောပါတယ်။ စိတ်သဘောထားကလည်း


mgyoe.com

mgyoe.com SAMPLE BOOK



ရိုးသားဖြောင့်မတ်တယ်။ (အထက်ကလိုပဲ ပရဟိတကို အကျိုးလိုလား၊ ဦးစားပေးတတ်သူ)။

တတိယလူ = ရုပ်ကလည်း ပြောစရာမလိုအောင် ချောမောလှပပါတယ်။ အပြောက ကြွေလောက်အောင် ပြောတတ်ပါတယ်။ ဒါပေမဲ့ စိတ်ကတော့ သူတပါးအကျိုးကို ပျက်စီး ဆုတ်ယုတ်စေချင်တဲ့စိတ် ရှိတယ်။ ပျက်စီးဆုတ်ယုတ်အောင် လုပ်တတ်တယ်။ အမြဲတမ်းကောက်ကျစ်တတ်တယ်။

စတုတ္ထလူ = ရုပ်ကလည်း မချော၊ အပြောကလည်း မကောင်းပါဘူး။ ဒါပေမဲ့ စိတ်ဓာတ်ကကော လှပဖြူစင်သလား ဆိုတော့ *မြန်ပေတော့ ပါ*။

ဒီလူတန်းစားလေးမျိုး ကိုယ်က ဘယ်လိုလူတန်းစားထဲမှာပါတယ် ဆိုတာ သိနေဖို့ အရေးကြီးပါတယ်။ ပြင်သင့်ရင် ပြင်ရတာပေါ့။

အဘက်ဘက်က ပြီးပြည့်စုံတဲ့ လူ့ဘဝကို ရောက်ရှိရဖို့ ဆိုတာအတော်ကို မလွယ်တာပါ။ အင်မတန် ကုသိုလ်ပါရမီနှင့် ပြည့်စုံမှသာရောက်ရှိကြရတာပါ။ ပါရမီ ဆိုတာကလည်း ဖြည့်မှ ပြည့်တာပါ။ ဒါပေမဲ့ပထမတန်းစားလူထဲမှာ မပါရင်တောင် ဒုတိယလူတန်းစား ဖြစ်အောင်ပါအောင်တော့ လေ့ကျက်ယူသင့်ပါတယ်။ ပါသူလည်း ရှိပါတယ်။ ဒါမှသာ 'ယခုကောင်းမှ နောင်ကောင်းပါလိမ့်' ဆိုသလို နောင်သံသရာမှာ ကောင်းမှာပါ။

အခုခေတ်က ရုပ်ဝတ္ထုပိုင်း ဆိုင်ရာတွေက ဒီရေတမျှ တိုးတက်လာတာပါ။ ကမ္ဘာကြီးက ရွာတရွာလိုတောင် ဖြစ်နေပြီလေ။ လူတွေကလည်း စိတ်ပိုင်းဆိုင်ရာ (ကိုယ်ကျင့်တရား ရိုးသားဖြောင့်မတ်မှု)ကို သတိလက်လွတ် ဖြစ်ကာ ရုပ်ပိုင်းဆိုင်ရာကိုသာ ဦးစားပေး



mgyoe.com

mgyoe.com SAMPLE BOOK


ရွေးချယ်လာပါတော့တယ်။ (အားလုံးကိုတော့ မဆိုလိုပါဘူး။ များသော အားဖြင့်)

တကယ်တော့ ရုပ်ဝတ္ထုပိုင်းဆိုင်ရာ တိုးတက်မြင့်မားဖို့ထက် စိတ်ဓာတ်ဆိုင်ရာ (ကိုယ်ကျင့်တရား မြင့်မားမှု၊ စိတ်ထားရိုးသား ဖြောင့်မတ်မှု) ကသာ အရေးကြီးပါတယ်။ ရုပ်လှဖို့ထက် စိတ်လှဖို့ အရေးကြီးတယ်။ အသားဖြူဖို့ထက် စိတ်ထားဖြူဖို့ ပဓာနကျတယ်။ ရုပ်လှအောင် ပြင်ဆင်သလို စိတ်လှအောင်လည်း ဒါန၊ သီလ၊ ဘာဝနာနဲ့ ပြင်ဆင်သင့်ပါတယ်။

ရုပ်လှပမှုဟာ ပစ္စုပ္ပန် သံသရာနှစ်ဖြာအတွက် ယုံကြည်စိတ်ချလို့ မရပါဘူး။ ရုပ်ရည်လှပတင့်တယ်ခြင်းဟာ တခဏပါ။ နောက်ဆုံးတော့ အိုမင်းယိုယွင်းခြင်းသို့ ရောက်သွားတာပါပဲ။ စိတ်လှပမှုကသာ ပစ္စုပ္ပန် သံသရာနှစ်ဖြာမှာ ကောင်းကျိုး ဝေဆာစေပါတယ်။ စိတ်လှပ ဖြူစင်သူ (ကိုယ်ကျင့်တရားကောင်းသူ) ဟာ အတိတ်ဘဝက ကံအကျိုးပေးအရ ပစ္စည်းဥစ္စာ ဆင်းရဲပင် ဆင်းရဲသော်လည်း စိတ် မဆင်းရဲရပါဘူး။ ပစ္စည်းဥစ္စာ ဆင်းရဲတော့လည်း တပြောင်ပြောင်ပါပဲ။ ဆင်းရဲတာ မရှုည်ပါဘူး။

စိတ်ထားဖြူစင်လှပမှသာ ပရဟိတ လောကကောင်းကျိုး အတွက် အတ္တဟိတကို စွန့်လွှတ်နိုင်မှာ ဖြစ်ပါတယ်။ အတ္တဟိတ၊ ပရဟိတ လောကကောင်းကျိုးတွေ သယ်ပိုးဆောင်ရွက်ပြီး လောကကြီး ကို လှပစေဖို့ ပန်းများကို ပွင့်စေခဲ့သူ ဖြစ်နိုင်ပါတယ်။

စိတ်လှရင် ကုသိုလ်တွေ ရနေပါတယ်။ ကုသိုလ်ရရင် စိတ်ကော ရုပ်ကော လှပပြီး ဘုရားရှင် အစရှိတဲ့ သူတော်ကောင်းတို့ရဲ့ ပျော်မွေ့ စံရာ မြတ်နိဗ္ဗာန်ကို အရောက်လှမ်းနိုင်မှာ ဖြစ်ပါတယ်။


mgyoe.com

mgyoe.com SAMPLE BOOK


နောက်ဆုံး ဆရာတော်ကြီးတပါးရဲ့လင်္ကာလေးတပုဒ်ကိုလည်း ဓမ္မဒါနအဖြစ် ဖြန့်ဝေလိုက်ပါတယ်။

စိတ်လိမ္မာမှ၊ ရုပ်သက်သာမည်။
စိတ်မလိမ္မာ၊ ရုပ်နာလိမ့်မည်။
အယုတ်အလတ်၊ စိတ်ဓာတ်ဆောင်သည်။
စိတ်မကောင်း၊ ရုပ်ပေါင်းခွေးဖြစ်မည်။

ဓမ္မရိပ်မဂ္ဂဇင်း၊
ဖေဖော်ဝါရီလ၊ ၂၀၁၀။

❒


mgyoe.com

mgyoe.com SAMPLE BOOK

# အတိတ်ကံ အကြောင်းဖန်တော့

လွန်ခဲ့တဲ့နှစ်ပေါင်း ၂၅၀၀ ကျော်လောက်က မဇ္ဈိမဒေသမှာ သွေးချောင်းစီးတဲ့ လူသတ်ပွဲကြီး ဖြစ်ခဲ့ဖူးပါတယ်။

အခြားတော့ မဟုတ်ပါဘူး။ သာကီဝင် မင်းမျိုးတွေကို ဝိဋူဍဘက အငြိုးနဲ့သတ်တာပါ။ အငြိုးထားရတဲ့ အကြောင်းက ဝိဋူဍဘဟာ ကျွန်မရဲ့ သားဖြစ်လို့ ထိုင်တဲ့နေရာကို သာကီဝင်မင်းမျိုးတွေက ကျွန်မ တယောက်ကို နို့ရည်နဲ့ ဆေးခိုင်းပါတယ်။ ဒါကို ဝိဋူဍဘ သိတော့ ငါ မင်းဖြစ်တဲ့နေ့ကျရင် သာကီဝင်မင်းမျိုးတွေရဲ့ လည်ချောင်း သွေးနဲ့ ဖောက်ဆေးမယ်' ဆိုပြီး ရန်ငြိုးထား သတ်ခဲ့တာပါ။

မသတ်ခင်မှာ မြတ်စွာဘုရားက သာကီဝင်မင်းမျိုးတွေကို စောင့်ရှောက်ဖို့ ဝိဋူဍဘတို့ လာတဲ့ လမ်းခုလတ်ကနေ သုံးကြိမ်တိုင်တိုင် တားခဲ့ပါတယ်။ မရခဲ့ပါဘူး။ သာကီဝင် မင်းမျိုးတွေဟာ ဘဝတခုမှာ



mgyoe.com

mgyoe.com
SAMPLE BOOK


ရေကန်ထဲက ငါးတွေကို အဆိပ်ခတ်သတ်ခဲ့တဲ့ကံက အကျိုးပေးချိန် ရောက်လာလို့ပါ။ ဒါကြောင့်လည်း မြတ်စွာဘုရားက ဆက်မတားတော့ပါဘူး။ သာကီဝင်မင်းမျိုးတွေ ဝိဋူဋဘ လက်ချက်နဲ့ သေခဲ့ရပါတယ်။

* * *

၂-၅-၂၀၀၈ ခုနှစ်က ဧရာဝတီတိုင်းဒေသကြီး၊ မြစ်ဝကျွန်းပေါ် ဒေသနဲ့ ပင်လယ်ကမ်းရိုးတန်းတလျှောက်က လူများစွာရဲ့ အသက် အိုးအိမ်တွေကို 'နာဂစ်' ဆိုတဲ့ နတ်ဆိုးက ဝါးမျို ဖျက်ဆီးပစ်ခဲ့ပါတယ်။ လူပေါင်းသုံးသိန်းကျော် အသက်တွေ ဆုံးရှုံးခဲ့ပြီး လူဦးရေသန်းကျော် အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရပါတယ်။

နာဂစ်ဒဏ်ခံခဲ့ရတဲ့ ဒေသက လူတွေရဲ့ အသက်မွေးဝမ်းကျောင်း အလုပ်ကတော့ ပင်လယ်ပိုင်းဒေသ ဖြစ်တဲ့အလျောက် တံငါသည် အလုပ် လုပ်ကိုင်နေတဲ့သူများ ရှိသလို ကုန်ရောင်းကုန်ဝယ်နဲ့ လယ်ယာ လုပ်ကိုင်သူများလည်း ရှိပါတယ်။ အားလုံးဟာ တံငါအလုပ် လုပ်ကြ တာ မဟုတ်ပါဘူး။ တံငါအလုပ် လုပ်နေသူများလည်း ရှိပေမယ့် ဘာသာရေး ထွန်းကားတဲ့ နေရာဒေသများ ဖြစ်တဲ့အတွက် 'အလှူ ရေစက် လက်နဲ့မကွာ' ဆိုသလို ရှိကြပါတယ်။ သီလဘာဝနာမှုတွေ မှာလည်း အားမနည်းပါဘူး။ ဒါပေမဲ့...။

* * *

၄-၆-၂၀၀၉ ရက်နေ့က ဗောဓိတထောင် ဘုရားပေါ်က ဝန်ချီ စက် ပြုတ်ကျခဲ့လို့ ဆရာတော် အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ)နဲ့ အရှင်ရာဇိန္ဒ (ရဝေနွယ်-အင်းမ) တို့ အသက်ဆုံးရှုံးမှု မရှိသော်လည်း


mgyoe.com

ခြေထောက်မှာ ဒဏ်ရာပြင်းပြင်းထန်ထန် ရရှိခဲ့ပါတယ်။ အခုတော့ ဆရာဝန်ကြီးတွေရဲ့ အထူးကုသမှု၊ ဒကာ၊ ဒကာမတွေရဲ့ ဂရုစိုက်မှုကြောင့် ပုံမှန်နီးပါး ပြန်ကောင်းနေပါပြီ။

ဆရာတော် အရှင်ဆန္ဒာမိက (ရွှေပါရမီတောရ) နဲ့ အရှင်ရာဇိန္ဒ (ရဝေနွယ်-အင်းမ) တို့ရဲ့ ပစ္စုပ္ပန် အခြေအနေမှာဆိုရင် စာရေး၊ တရားဟော၊ တရားပြနဲ့ ဓမ္မဒါန အလှူတော်ကို ကျယ်ကျယ်ပြန့်ပြန့် လုပ်နေပါတယ်။ လှူနေပါတယ်။ ဘုရားတည်၊ ကျောင်းဆောက်နဲ့ အခြားအလှူ ပရဟိတလုပ်ငန်းတွေ လှူဒါန်း လုပ်ဆောင်နေပါတယ်။ အကျင့်သီလသိက္ခာကတော့ ပြောစရာ မလိုပါဘူး။

ဆရာတော် အရှင်ဆန္ဒာမိက (ရွှေပါရမီတောရ)နဲ့ အရှင်ရာဇိန္ဒ (ရဝေနွယ်-အင်းမ)တို့ရဲ့ နှလုံးသားဟာ ကုသိုလ်တရားများနဲ့သာ ထုံမွှမ်းနေမယ်လို့ ယုံကြည်မိပါတယ်။ ယုံကြည်လောက်အောင်လည်း ပြည့်စုံနေတယ် မဟုတ်ပါလား။

* * *

စာရေးသူကို အမြင်မကြည်သူ တချို့က 'ပင်လယ်ဘက်ကသူတွေ နာဂစ်ဒဏ် ခံရတာ ပါဏာတိပါတာ အကုသိုလ်လုပ်ငန်းတွေ လုပ်လို့ပေါ့' လို့ စသလို နောက်သလိုနဲ့ ပြောတတ်ကြပါတယ်။

ဒီနေရာမှာ ပြောစရာတခု ရှိပါတယ်။ ပင်လယ်မှာ ငါးဖမ်းနေတဲ့ လူတွေသာ ပါဏာတိပါတာ အကုသိုလ်ကံကို ကျူးလွန်နေတာလား၊ လုပ်နေသလား။ တခြားနည်းနဲ့ ပါဏာတိပါတာကံကို ကျူးလွန်လုပ်ကိုင်နေတဲ့သူတွေကော မရှိဘူးလား ဆိုတာကို ယှဉ်ပြချင်ပါတယ်။ စကားနိုင်လုမှာတော့ မဟုတ်ပါဘူး။



mgyoe.com